မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး

# ရွေးကောက်ပွဲ လေ့လာသူများလက်စွဲစာအုပ်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ) သည် NDI အဖွဲ့ မှတဆင့် USAID ၏ ပံ့ပိုးမှုနှင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မသန်စွမ်းသူ မဲဆန္ဒရှင်များအတွက် အဆင်ပြေလက်လှမ်းမီသည့် အခြေအနေများနှင့်ပတ်သက်၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇-၉-၂၀၂၀ ရက်စွဲပါ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အသိအမှတ်ပြုလွှာအမှတ် (၁၂) ဖြင့် ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒသကြီးတို့တွင် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်အတွက် ရွေးကောက်ပွဲလေ့လာသူများအသုံးပြုရန် ဤလက်စွဲစာအုပ်အား ပြုစုထုတ်ဝေသည်။

**နိဒါန်း ………………………………………………………………………………………………… ၁**

မသန်စွမ်းသူများဆန္ဒမဲပေးခြင်းနှင့် စပ်ဆိုင်သော ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်များ

(က) **ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း** ………………………… ၁

(ခ) **မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဥပဒေ(၂၀၁၅)…………………………….. ၁**

(ဂ) **မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ** ……………………………………..၁

(ဃ) **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ** ………………………………….. ၂

(င) **မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်…………………………… ၂**

(စ) **မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လက်စွဲ………………………………………….. ၂**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲလေ့လာသူများဆိုင်ရာ ပြဋ္ဌာန်းချက်များ**

(က) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် လေ့လာသူများ၏ အခွင့်အရေးများ……. ၂**

(ခ) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့်အဖွဲ့များ၏ တာဝန်များ** ……………………. ၃

(ဂ) **ရွေးကောက်ပွဲလေ့လာသူများ၏တာဝန်များ ………………………………………….. ၄**

(ဃ) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ** …………………………….၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှသတ်မှတ်ထားသောပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေး အဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် သတ်မှတ်ချက်များ……………………. ၆**

**ကိုဗစ် ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလိုက်နာရန် အချက်များ ………………………………….. ၆**

**မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ရွေးကောက်ပွဲလေ့လာသူများကျင့်ဝတ်……………………. ၇**

**ရွေးကောက်ပွဲ လေ့လာသူများ သတင်းပို့ပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့် ………………………………. ၉**

**မီဒီယာများနှင့်တွေ့ဆုံခြင်း၊ သတင်းထုတ်ပြန်ခြင်း ………………………………………………….. ၉**

**ရွေးကောက်ပွဲ လေ့လာမှုလုပ်ငန်းစဉ်………………………………………………………….. ၁၀**

MILI မှ ငှားရမ်းပေးမည့် Alldocube (iPlay 20) tablet အသုံးပြုခြင်းအတွက် သတိပြုရမည့်အချက်များ… ၁၁

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ရွေးကောက်ပွဲလေ့လာသူများစာရင်း …………………... ၁၃

ရွေးကောက်ပွဲလေ့လာသူများအသုံးပြုမည့် မေးခွန်းပုံစံ ………………………………………………. ၁၅

**နိဒါန်း**

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတော်အဖြစ်ဖော်ဆောင်ရန် ကြိုးပမ်းရာတွင် အဓိကကျသည့်အခြေခံလုပ်ငန်းစဉ်ဖြစ်သော ရွေးကောက်ပွဲ များတွင် မသန်စွမ်းသူနိုင်ငံသားများ ပါဝင်ခွင့်နှင့်ပတ်သက်၍ မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် အများနှင့် တန်းတူ လက်လှမ်းမီသော ရွေးကောက်ပွဲများအဖြစ် သေချာစေရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံမသန်စွမ်းသူများရေ့ဆောင်အဖွဲ့သည် ခွင့်တူညီမျှစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ စီမံချက်လုပ်ငန်းစဉ်အဖြစ် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲတွင် မသန်စွမ်းသူ ရွေးကောက်ပွဲလေ့လာသူများက မဲရုံများ၏ မသန်စွမ်းသူများအတွက် လက်လှမ်းမှီမှုအခြေအနေကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကာလတို လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ဤ လက်စွဲစာအုပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်-

(က) ရွေးကောက်ပွဲလေ့လာသူများသိရှိလိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို သေချာစွာ လေ့လာ သိရှိနိုင်ရန်၊

(ခ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ် စနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊

(ဂ) ရွေးကောက်ပွဲလေ့လာသူများအတွက် အထောက်အကူဖြစ်စေရန်။

၃။ မသန်စွမ်းသူများဆန္ဒမဲပေးခြင်းနှင့် စပ်ဆိုင်သော ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေပြဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်များအား အောက်ပါအတိုင်းကောက်နုတ် ဖော်ပြအပ်ပါသည်-

(က) **ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း**

ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း (CRPD) ၏ ပိုဒ် ၂၉ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်း တွင် မဲပေးရေးလုပ်ငန်းစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်များသည် မသန်စွမ်းသူများအတွက် အသုံးပြုနိုင်သည့် အခြေအနေတွင်ရှိရန်နှင့် မသန်စွမ်းသူများ၏ စိတ်ကြိုက်ရွေးချယ်သည့် အကူအညီပေးသူဖြင့် မဲထဲ့ခွင့်ပြုရန် ပြဌာန်းထားသည်။

(ခ) **မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဥပဒေ(၂၀၁၅)**

မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဥပဒေ ပုဒ်မ ၂၉ တွင် ဆန္ဒမဲပေးခွင့်ရှိသော မသန်စွမ်းသူ တိုင်းလွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးခွင့်ရှိကြောင်းပြဌာန်းထားပြီး မသန်စွမ်းသူများ ဆန္ဒမဲ ပေးရာတွင်လွယ်ကူအဆင်ပြေရေးအတွက် သင့်လျော်သောစီမံဆောင်ရွက်မှုများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်ညှိနှိုင်းပြုလုပ်ရန် ပြဌာန်းထားသည်။

(ဂ) **မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ**

မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ၊ ပုဒ်မ ၂၇ တွင် မသန်စွမ်းသူများဆန္ဒမဲပေးရန် မသန်စွမ်းမှုအမျိုးအစားအလိုက်လိုအပ်သလို စီစဉ်ဖြည့်ဆည်းပေးရန်၊ နည်းပညာအသစ်များအသုံးပြုရန်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံတာဝန်ရှိသူများအား မသန်စွမ်းမှုဆိုင်ရာ သင်တန်း ပေးရန် တို့အတွက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့်ညှိနှိုင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

(ဃ) **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ အခန်း (၁၀) ဆန္ဒမဲပေးခြင်း ၊ ပုဒ်မ ၃၉ အပိုဒ်ခွဲ(က) ၁။ တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ မဲဆန္ဒပေးနိုင်ရေး အတွက် စီမံဆောင်ရွက်ထားရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၄၂ အပိုဒ်ခွဲ (ခ)တွင်လည်း ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာ မဲစာရင်းတွင် ပါသည့် ၎င်း၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ အရင်း တစ်ဦးဦးသို့မဟုတ် မသန်စွမ်းသူကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၄၃ တွင် မဲပေးသူသည် ကျန်းမာသန်စွမ်းခြင်းမရှိသဖြင့် မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ရန် အကူအညီလိုအပ်လျှင် မဲရုံအဖွဲ့ဝင်များက ကူညီရန် ပြဋ္ဌာန်းထားသည်။

(င) **မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်**

၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်နေ့ကထုတ်ပြန်သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ဆန္ဒမဲပေးခြင်းကဏ္ဍ၊ အပိုဒ် ၂၃ တွင် မဲရုံဆောက်လုပ်ရာတွင် မသန်စွမ်းသူမဲဆန္ဒရှင်များ ပါဝင်သော မဲရုံများ၌ ယင်းမသန်စွမ်းသူများအဆင်ပြေ ချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရမည်ဟု ဖော်ပြထားသည်။

(စ) **မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင် မဲရုံအဖွဲ့ဝင်လက်စွဲ**

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်သည့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်၏ မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်တွင် ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် မိသားစုဝင်သို့မဟုတ် စိတ်ကြိုက်ရွေးချယ်ထားသော အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကို ခွင့်ပြုရန် လည်းကောင်း၊ မဲပုံးအတွင်းသို့ မဲလက်မှတ်ထည့်ရန် လိုအပ်သော အကူအညီကိုပေးရန်စီစဉ်ထားရန် လည်းကောင်း ဖော်ပြထားသည်။

၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲလေ့လာသူများဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် လေ့လာသူများ၏ အခွင့်အရေးများ**

(၁) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခွင့်နှင့် သတင်းအချက်အလက်များရယူနိုင်ခွင့်

(၂) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များစာရင်းပြုစုခြင်းတို့ကို လေ့လာခွင့်

(၃) မဲရုံအတွင်းဝင်ရောက်လေ့လာခွင့် (မဲရုံမှူးထံ သတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကိုလိုက်နာရမည်။)

(၄) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်း တင်ရန် အတွက် ပစ္စည်းကရိယာများ အသုံးပြုခွင့်

(၅) ရွေးကောက်ပွဲလေ့လာသူများသည် ဥပဒေနှင့် မညီသောရွေးကောက်ပွဲလုပ်ဆောင်ချက် များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲ အသီးသီးနှင့် မဲရုံမှူးထံသို့ သိလျှင်သိခြင်း အချိန်မီ အသိပေး အကြောင်းကြားခွင့်

(ခ) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့်အဖွဲ့များ၏ တာဝန်များ**

(၁) ပြည်တွင်းရွေးကောက်ပွဲ လေ့လာသူများဆိုင်ရာ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာခွင့်

(၂) မိမိတို့၏ရွေးကောက်ပွဲလေ့လာသူများသည် အပိုဒ် ၂၃ တွင် ဖော်ပြထားသည့် အချက်များ အတိုင်း လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ကွပ်ကဲရန်

(၃) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာ တို့ကို လေးစားရန်

(၄) ဒေသဓလေ့ထုံးစံများ နှင့် ရိုးရာယဉ်ကျေးမှုများကိုလေးစားလိုက်နာရန်

(၅) ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ဝန်ခံကတိပြုလွှာများအား စာရင်းဇယားနှင့် တကွစနစ်တကျ သိမ်းဆည်းထားရန်

(၆) မိမိတို့အဖွဲ့မှ လေ့လာသူဦးရေနှင့်လေ့လာခဲ့သည့် မဲရုံအလိုက်အင်အားစာရင်း မှန်ကန် ကြောင်းမဲရုံမှူးထံမှ ပူးတွဲပါ ပုံစံနှင့်ထောက်ခံချက်ရယူရန်

(၇) ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲတို့ထံမှထုတ်ယူရရှိသည့် သက်သေခံကတ်ပြား (အလွတ်) များ ပျောက်ဆုံးခြင်းမရှိစေရန် အထူးဂရုပြုရမည်။ ပျောက်ဆုံးပါက ထုတ်ယူခဲ့ သည့် ကော်မရှင်သို့မဟုတ်သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တပြေးညီ တင်ပြရန်

(၈) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့ထံပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက် အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်

(၉) အစီရင်ခံစာရေးသားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားရန်

(၁၀) ရွေးကောက်ပွဲလေ့လာရေး အစီရင်ခံစာအား အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် ကော်မရှင်သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့တင်ပြရန်

(၁၁) ရွေးကောက်ပွဲ လေ့လာခြင်းဆောင်ရွက်မည့် မိမိတို့အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရ မည့် ကျင့်ဝတ်များနှင့် သိသင့်သိထိုက်သော အကြောင်းအရာများအား ကြိုတင်၍ အသိပညာပေးဆွေးနွေးထားရန်။

(ဂ) **ရွေးကောက်ပွဲလေ့လာသူများ၏တာဝန်များ**

(၁) ပြည်တွင်းရွေးကောက်ပွဲ လေ့လာသူများဆိုင်ရာကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်

(၂) ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့ထံ မိမိလေ့လာမည့်နယ်မြေ အလိုက် သတင်းပို့ရန်

(၃) လေ့လာနေစဉ်တစ်လျှောက်လုံးသက်သေခံကတ်ပြားကိုချိတ်ဆွဲထားရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲသူများမှ သက်သေခံကတ်ပြားအား စိစစ်တောင်းယူပါက ပြသရန်

(၄) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်

(၅) ဒေသဆိုင်ရာဓလေ့နှင့် ယဉ်ကျေးမှုများကို လေးစားလိုက်နာရန်

(၆) လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ လေ့လာရန်

(၇) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ပေးပို့သော ရွေးကောက်ပွဲ ဆိုင်ရာသတင်းအချက်အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်။

(၈) မိမိအားထုတ်ပေးထားသော သက်သေခံကတ်ပြားအား အခြားသူသို့လွှဲပြောင်းပေးအပ် ခြင်း၊ အသုံးပြုစေခြင်းများမပြုလုပ်ရန်

(၉) မဲရုံအတွင်းလေ့လာရာတွင် သတ်မှတ်ပေးထားသော နေရာမှသာ လေ့လာရန်နှင့် မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်မှုအားလေးစားလိုက်နာရန်

(၁၀) မဲဆန္ဒရှင်များ၏လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်နှင့် လျှို့ဝှက်ဆန္ဒမဲပေးမှု စနစ်တို့အား ထိခိုက်မှုမရှိစေရန်

(ဃ) **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကိုလည်းကောင်း၊ လေးစားကြရမည်။

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်လုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်။

(၃) ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းရှင်းရမည်။

(၄) ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်။

(၅) နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းတစ်ဦးဦး အား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း ပြုရာရောက်သည့် အပြောအဆို၊ အပြုအမူမပြုရ။ ထိုသို့ အဓိပ္ပာယ်သက်ရောက်စေမည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ်တံဆိပ်စသည်တို့ကိုလည်း ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်းမပြုရ။

(၆) လျှို့ဝှက် ဆန္ဒမဲပေးမှုစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင် တစ်ဦးအား မဲရုံ ပရိဝုဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ကြောင်း မေးမြန်းခြင်း မပြုရ။

(၇) ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများကို လေးစားရမည်။

(၈) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲလေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။

(၉) ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း လက်နက်များ၊ ပေါက်ကွဲစေသော ပစ္စည်းများ ယူဆောင်ခြင်းမပြုရ။

(၁၀) ရွေးကောက်ပွဲ စီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏ တာဝန်နှင့် ရပိုင်ခွင့်ကိုလွှမ်းမိုး သက်ရောက်စေသော လှုံ့ဆော်မှုများကို မပြုလုပ်ရ။

(၁၁) မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

(၁၂) မိမိတို့၏ တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(၁၃) အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာ တင်ပြရမည်။

(၁၄) အခြားရွေးကောက်ပွဲလေ့လာသူများကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(၁၅) ရွေးကောက်ပွဲအငြင်းပွားမှုများတွင် တာဝန်ရှိသူက အဆုံးအဖြတ်ပြုရန် ဆောင်ရွက်ရာ၌ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

(၁၆) မဲရုံအတွင်း လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်ကို မထိခိုက်စေရန်အတွက် မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသော ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် သတ်မှတ်ချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသော ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

၁။ ပါတီစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရမည်။

၂။ ကော်မရှင်သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် အသိအမှတ်ပြုခံရသည့် အဖွဲ့၊ ပုဂ္ဂိုလ်ဖြစ်ရမည်။

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့် ကြော်ငြာစာ များ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊စည်းကမ်းများနှင့် ပြည်တွင်း ရွေးကောက်ပွဲ လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာ ဆောင်ရွက် ရမည်။

## ကိုဗစ် ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလိုက်နာရန် အချက်များ

၁။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လေ့လာသူတွင် ကိုယ်ပူချိန်မြင့်တက်ခြင်း၊ အသက်ရှုလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများခံစားနေရပါက အဖွဲ့တာဝန်ရှိသူများထံ သတင်းပို့ရန်။

၂။ လေ့လာရန် သွားရောက်သည့် မဲရုံတိုင်းသို့ Mask မဖြစ်မနေတပ်ဆင်၍သွားရောက်ရန်။

၃။ မဲရုံအတွင်း တစ်ဦးနှင့် တစ်ဦး ၆ ပေအကွာ စည်းကမ်းချက်ကို အမြဲဂရုစိုက်လိုက်နာရန် ။

၄။ မဲရုံ အဝင်၊ အထွက်တွင် ဆပ်ပြာနှင့် လက်ဆေးခြင်းသို့မဟုတ် လက်သန့်ဆေးရေနှင့် လက်ဆေးခြင်းတို့ကို သေချာစွာပြုလုပ်ရန် ။

၅။ မဲရုံအဝင်ဝ ကိုယ်ပူချိန်တိုင်းတာခြင်းကို စနစ်တကျ ပူးပေါင်းပါဝင် လက်ခံပေးရန်။

၆။ တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ပါက သတ်မှတ်အကွာအဝေး ( ၆ပေ)ကို သတိပြုလိုက်နာရန်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ကိုဗစ်၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား တိကျစွာ လိုက်နာရန်။

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ရွေးကောက်ပွဲလေ့လာသူများကျင့်ဝတ်

ကျွန်ုပ် ______________________________ သည် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များတွင် ကာလတိုလေ့လာသူ အဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။

အောက်တွင်ဖော်ပြထားသည့် လမ်းညွှန်ချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် ကတိပြုပါသည်-

၁။ ကျွန်ုပ်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လေ့လာရာတွင် အများပြည်သူ၏ လူ့အခွင့် အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မထိခိုက်စေဘဲ နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊

ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့် လမ်းညွှန်ချက် များကို တိကျစွာ လေးစားလိုက်နာပါမည်။

၂။ ကျွန်ုပ်သည် ရွေးကောက်ပွဲဖြစ်စဉ်ကို အဟန့်အတားဖြစ်စေရန်လည်းကောင်း၊ မဲဆန္ဒရှင်များကို စိတ်အနှောက်အယှက်ဖြစ်စေရန်လည်းကောင်း၊ ရွေးကောက်ပွဲတွင်တာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိ ပုဂ္ဂိုလ်များ တာဝန်ထမ်းဆောင်နေမှုကို အနှောက်အယှက်ဖြစ်စေရန်လည်းကောင်း ပြုမူပြောဆိုမှုများ မဖြစ်စေရန် အထူး သတိပြုဆင်ခြင်ပါမည်။

၃။ မီလီမှ ပို့ချသည့် ရွေးကောက်ပွဲလေ့လာသူများသင်တန်းကို ပြီးမြောက်အောင်တက်ရောက်မည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့ လေ့လာရေးလုပ်ငန်းတွင်ပါဝင်မည်ဖြစ်ပါသည်။

၄။ ကျွန်ုပ်သည် နိုင်ငံရေးပါတီတစ်ခုအတွက် စည်းရုံးနေခြင်းဖြစ်သည်ဟု ထင်မြင်ယူဆနိုင်သော မည်သည့် အလုပ်တွင်မှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းပါဝင်ခြင်းမပြုပါ။

၅။ ကျွန်ုပ်သည်တာဝန်များကို ဘက်လိုက်ခြင်းမရှိဘဲ တိကျစွာ အချိန်နှင့် တပြေးညီထမ်းဆောင်ပါမည်။

၆။ ကျွန်ုပ်သည် မီလီ၏ ရွေးကောက်ပွဲကာလတိုလေ့လာသူအဖြစ် ဆောင်ရွက်နေစဉ်ကာလအတွင်း လူမျိုးရေး၊ ဘာသာရေးစသည့် မတူကွဲပြားမှုနှင့်ပတ်သက်၍ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ လူမှုကွန်ယက်တွင်လှုံ့ဆော်ခြင်းများကို ရှောင်ရှားပါမည်။

၇။ ကျွန်ုပ်သည် မီလီ၏ ရွေးကောက်ပွဲကာလတိုလေ့လာသူအဖြစ် ဆောင်ရွက်မှုမှ ရရှိသော သတင်း အချက်အလက်၊ လေ့လာတွေ့ရှိချက်များကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်မှန်စွာ မီလီ အဖွဲ့သို့ အစီရင်ခံတင်ပြပါမည်။

၈။ ကျွန်ုပ်သည်မီလီ၏ ရွေးကောက်ပွဲကာလတိုလေ့လာသူအဖြစ် ဆောင်ရွက်သည့် လုပ်ငန်းစဉ်၊ တွေ့ရှိချက်၊ သတင်းအချက်အလက် တစ်စုံတစ်ရာကို မီလီ၏ သတင်းထုတ်ပြန်ခွင့်ရှိသူမှ ထုတ်ပြန်ခြင်းမပြုမီ လူမှု ကွန်ယက်များ၊ အများပြည်သူ၊ သတင်းဌာနအသီးသီးသို့ သဘောထားမှတ်ချက်ပေးခြင်း၊ အချက်အလက် ပေးပို့ခြင်းများအား လုံးဝ (လုံးဝ)ရှောင်ကြဉ်ပါမည်။

၉။ ကျွန်ုပ်သည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အခြားမည်သည့် နိုင်ငံရေးပါတီ၊ အရပ်ဘက် လူ့အဖွဲ့ အစည်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် ကိုယ်စားလှယ် သို့မဟုတ် လေ့လာသူအဖြစ် ထပ်မံ တာဝန်ထမ်းဆောင်မည်မဟုတ်ပါ။

၁၀။ ကျွန်ုပ်သည် ကိုဗစ် ၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ လည်းကောင်း ချမှတ်ထားသော စည်းကမ်း ချက်များ၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါမည်။

၁၁။ ကျွန်ုပ်သည် မီလီအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုနှင့်ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းချက်များ၊ လမ်းညွှန်ချက်များကို လေးစားလိုက်နာပါမည်။

၁၂။ အထက်ဖော်ပြပါ ကျင့်ဝတ်များအား ချိုးဖောက်ပါက မီလီအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကာလတိုစောင့်ကြည့်သူအဖြစ်မှ နှုတ်ထွက်မည်ဖြစ်ပါကြောင်းကတိပြုပါသည်။


လက်မှတ်__________________________

အမည်______________________________

နေ့စွဲ_______________________________

**ရွေးကောက်ပွဲ လေ့လာသူများ သတင်းပို့ပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်**

ထူးခြားဖြစ်စဉ်များ၊ လေ့လာတွေ့ရှိချက်များနှင့်ပါတ်သက်၍ သတင်းပေးပို့မှုအဆင့်ဆင့်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-



ချင်းပြည်နယ် ကြီးကြပ်သူ - ဦးသန့်စင်ထွန်း ( ဆက်သွယ်ရန် ဖုန်း ၀၉၂၆၃၉၉၂၆၀၇)

ပဲခူးတိုင်းဒေသကြီးကြီးကြပ်သူ - ဦးနေစိုး ( ဆက်သွယ်ရန် ဖုန်း ၀၉၄၂၃၇၂၀၇၁၁)

ရန်ကုန်တိုင်းဒေသကြီးကြပ်သူ - ဒေါ်ချစ်စုထွေး ( ဆက်သွယ်ရန် ဖုန်း ၀၉၄၂၁၁၆၉၉၃၅)

ဧရာဝတီတိုင်းဒေသကြီးကြပ်သူ - ဦးအောင်မင်းထွန်း ( ဆက်သွယ်ရန် ဖုန်း ၀၉၂၆၆၆၉၃၁၃၅)

**ရွေးကောက်ပွဲ လေ့လာမှုလုပ်ငန်းစဉ်**

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေးကို ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ မသန်စွမ်းသူများအတွက် လက်လှမ်းမီမှုအခြေအနေကို မသန်စွမ်းမှုရှုထောင့်မှ လေ့လာမည်ဖြစ်ပါသည်။ မဲရုံးများသို့ လှည့်လည်လေ့လာသည့် mobile observation စနစ်ဖြင့် လေ့လာမည်ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာရေးအတွက် အချက်အလက်များအား နည်းပညာအသုံးပြု ကိုဗိုဆော့ဖ်ဝဲလ် အသုံးပြု၍ ကောက်ယူမည်ဖြစ်ပါသည်။ ကိုဗိုဆော့ဖ်ဝဲလ် အသုံးပြုရန် အတွက် tablet (တက်ဘလက်)များကို မီလီ အဖွဲ့မှ ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

Tablet များတွင် အသုံးပြုမည့် မေးခွန်းလွှာအချက်အလက်များအား အဆင်သင့် ထည့်သွင်းပေးထားပြီးဖြစ်ပါသည်။ မဲရုံသို့ရောက်ရှိချိန်တွင် အင်တာနက်လိုင်းမလိုအပ်ဘဲ မေးခွန်းပါအချက်အလက်များအား ဖြည့်စွက်နိုင် မည်ဖြစ်ပါသည်။ တာဝန်ကျသည့် မဲရုံများအားလုံးသို့ သွားရောက်လေ့လာပြီးချိန်တွင် ကောက်ယူထားသည့် အချက်အလက်များအား အင်တာနက်ဖြင့် ချိတ်ဆက်၍ မီလီရုံးချုပ်သို့ ပေးပို့ရန် ဖြစ်ပါသည်။

**မီဒီယာများနှင့်တွေ့ဆုံခြင်း၊ သတင်းထုတ်ပြန်ခြင်း**

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့် လေ့လာမှုများနှင့် သက်ဆိုင်သည့် သတင်းထုတ်ပြန်ခြင်း၊ မီဒီယာများနှင့် တွေ့ဆုံခြင်းကို အောက်ဖော်ပြပါ တာဝန်ရှိသူများက ဆောင်ရွက်မည်ဖြစ်ပါသည်။ ဖော်ပြပါတာဝန်ရှိသူများက လွှဲပြောင်းတာဝန် ပေးအပ်ခြင်း မရှိလျှင် လေ့လာသူများအနေနှင့်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုနှင့် ပတ်သက်သည့် မည်သည့် သတင်းအချက် အလက်ကိုမျှ ထုတ်ပြန်ခြင်း၊ သဘောထားမှတ်ချက်ပေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ရန် ခွင့်မပြုပါ။

**သတင်းမီဒီယာများနှင့် တွေ့ဆုံအင်တာဗျူးရာတွင် ရှောင်ရန်အချက်များ -**

၁။ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို မလွှဲမရှောင်သာဖြေဆိုရမည့် အခြေအနေ ဖြစ်ပေါ်လာမှသာ အဖွဲ့က ရေးဆွဲထားသည့် ရွေးကောက်ပွဲလေ့လာသူလက်စွဲပါ မီဒီယာလမ်းညွှန်ချက်များနှင့်အညီ မေးမြန်းချက်ကို ဖြေကြားရပါမည်။

၂။ ရွေးကောက်ပွဲဖြစ်စဉ်၊ မိမိ၏ လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်ပြီး သဘောထားမှတ်ချက်ပြုခြင်း၊ တွေ့ရှိချက်များ ကို ထုတ်ဖော်ပြောကြားခြင်း၊ ဆွေးနွေးခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ရပါ။

၃။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကိုယ်စားလှယ်တစ်ဦးဦး/ ပါတီတစ်ခုခုကို မှတ်ချက်ခြင်း၊ ပုဂ္ဂိုလ်ရေးအမြင် များပြောကြားခြင်း၊ ဝေဖန်ခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ရပါ။

၄။ နိုင်ငံတကာရှိ ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ဝေဖန်ခြင်း မပြုရပါ။

၅။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ပျက်ပြားစေသော၊ နိုင်ငံတော်တည်ငြိမ်မှုကိုထိခိုက်စေသော၊ လူမျိုးရေးအထိ ကရုဏ်းဖြစ်စေနိုင်သည့် အချက်များကို ပြောဆိုဆွေးနွေးခြင်းမပြုရပါ။

၆။ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့်သူများ (မဲရုံဝန်ထမ်း၊ UEC၊ နိုင်ငံရေး ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ) ကို ပုတ်ခတ်ပြောဆိုခြင်း မပြုရပါ။

၇။ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ရွေးကောက်ပွဲဥပဒေများ၊ လေ့လာသူများစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ဆန့်ကျင်သောသဘောထား မှတ်ချက်များကို ပြောဆိုခြင်းမပြုရပါ။

**သတင်းမီဒီယာများနှင့် တွေ့ဆုံအင်တာဗျူးရာတွင် ဆောင်ရန်အချက်များ -**

၁။ မည်သည့်အဖွဲ့အစည်းကို ကိုယ်စားပြု၍ ရွေးကောက်ပွဲလေ့လာမည်ကို ပြောဆိုနိုင်သည်။

၂။ မိမိကိုယ်စားပြုသည့် အဖွဲ့အစည်းအကြောင်းကို ပြောဆိုနိုင်သည်။ (သို့သော် အဖွဲ့အစည်းမှ တရားဝင် ဖော်ပြထားသည့် အဖွဲ့အစည်းအထွေထွေတွင် ပါ အချက်များဖြင့်သာ ပြောဆိုရပါမည်။)

၃။ မိမိကိုယ်စားပြုသည့်အဖွဲ့သည် မိမိအပါအဝင် ရွေးကောက်ပွဲလေ့လာသူဦးရေ မည်မျှဖြင့် မည်သည့် ဒေသ များ တွင် လေ့လာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုနိုင်သည်။

၄။ မိမိသည် မည်သည့် ပြည်နယ်/တိုင်းဒေသကြီး/ရပ်ကွက်/ကျေးရွာရှိ မဲရုံ (သို့) မဲရုံများကို လေ့လာ မည်ဖြစ်ကြောင်း၊ လေ့လာခဲ့ကြောင်း ပြောဆိုနိုင်သည်။

၅။ ရွေးကောက်ပွဲလေ့လာရခြင်း၏ ရည်ရွယ်ချက်နှင့် မည်သည့်အကြောင်းအရာကို လေ့လာမည် ဖြစ်ကြောင်း ပြောဆိုနိုင်သည်။

၆။ အဖွဲ့အနေဖြင့် သတင်းထုတ်ပြန်ခြင်းကို လေ့လာသူများ ဆောင်ရွက်ရန် ခွင့်ပြုထားခြင်းမရှိဘဲ တာဝန်ရှိ သူများက ဆောင်ရွက်မည်ဖြစ်ပြီး မလွဲမရှောင်သာ အခြေအနေမှသာ အထက်ဖော်ပြပါအချက်များကို ဖြေဆိုခွင့် ပေးထားခြင်းဖြစ်သဖြင့် ဖြေဆိုပြီးပါက သက်ဆိုင်ရာကြီးကြပ်သူသို့ တွေ့ဆုံသည့် မီဒီယာ၊ ပြောကြားခဲ့ သည့် အချက်အလက်များကို ချက်ခြင်းသတင်းပေးပို့ရပါမည်။

**ရွေးကောက်ပွဲနေ့အတွက် လုံခြုံရေးဆိုင်ရာ လိုက်နာရန် စည်းကမ်းချက်များ**

၁။ ရွေးကောက်ပွဲမတိုင်မီနေ့ (၇)ရက်နေ့ ညတွင် tablet ကို အားပြည့်အောင်သွင်းထားပါ။

၂။ ရွေးကောက်ပွဲမတိုင်မီနေ့ (၇)ရက်နေ့ ညနှင့် ရွေးကောက်ပွဲနေ့တွင် အရက်သေစာ၊ မူးယစ်ဆေးဝါး လုံးဝ (လုံးဝ) သုံးစွဲခြင်းမပြုပါနှင့်။

၃။ အိပ်ရေးဝအောင်အိပ်ပါ။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအိမ်မှ မထွက်ခွာမီ ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားသော အသိအမှတ်ပြုကဒ်ပြား၊ နိုင်ငံသားစီစစ်ရေးကတ်ပြား၊ အချက်အလက်ကောက်ယူမည့် tablet ၊ ကိုဗစ် နိုင်တင်းကာကွယ်ရေးအတွက် တစ်ကိုယ်ရေ အသုံးပြုမည့်ပစ္စည်းများ မကျန်ခဲ့ရန် သေချာစွာစစ်ဆေးပါ။

၅။ ရွေးကောက်ပွဲနေ့တွင် အများအမြင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုမျိုး မဖြစ်ရန် အထူးသတိပြုပါ။

၆။ လေ့လာမှုလုပ်ငန်းများဆောင်ရွက်နေစဉ် ရွေးကောက်ပွဲကော်မရှင်ထုတ်ပေးထားသော လေ့လာသူ ကတ်ပြားကို လည်ပင်းတွင် ဆွဲထားပါ။

၇။ လေ့လာမှုပြုလုပ်နေစဉ် မဲရုံအတွင်းအိပ်ငိုက်ခြင်း၊ အခြားသူများနှင့် စကားဖောင်ဖွဲ့ ပြောဆိုနေခြင်းများ ရှောင်ကြဉ်ပါ။

၈။ မဲရုံတာဝန်ရှိသူများ၊ ကော်မရှင်မှ တာဝန်ရှိသူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ အရေးပေါ်အခြေအနေ အရ သော်လည်းကောင်း၊ ပုံမှန်တာဝန်ထမ်းဆောင်နေခြင်းများကိုသော်လည်းကောင်း ဆောင်ရွက်နေခြင်းကို ဝင်ရောက်စွက်ဖက်ခြင်းမပြုပါနှင့်။

၉။ မည်သည့် ဥပဒေကိုမျှမချိုးဖောက်ပါနှင့်။

၁၀။ ဆိုင်ကယ်အသုံးပြုပါက ဆိုင်ကယ်စီးဦးထုတ်ကို မပျက်မကွက်သေချာစွာဆောင်းပါ။

၁၁။ မှတ်ပုံမတင်ထားသည့် ( ဝစ်သောက်) ကား၊ ဆိုင်ကယ်များအသုံးမပြုပါနှင့်။

၁၂။ မိမိ အသုံးပြုသည့် tablet ကို မည်သူ့ကိုမျှ ခေတ္တငှားရမ်းကြည့်ရှုစေခြင်း၊ အသုံးပြုစေခြင်းမပြုလုပ်ပါနှင့်။

၁၃။ မည်သည့် လက်ဆောင်ပစ္စည်းမျိုးကိုမျှ လက်ခံခြင်းမပြုပါနှင့်။

၁၄။ မည်သူက တောင်းဆိုသည်ဖြစ်စေ ပစ္စည်းတစ်ခုခုကို ခေတ္တအပ်ထားသည်ကို လက်ခံခြင်း၊ ခေတ္တကိုင် ထားပေးခြင်းမပြုပါနှင့်။

၁၅။ စဉ်ဆက်မပြတ်သတိရှိပါ။

## MILI မှ ငှားရမ်းပေးမည့် Alldocube (iPlay 20) tablet အသုံးပြုခြင်းအတွက် သတိပြုရမည့်အချက်များ

၁။ Tablet နှင့်အတူပါရှိသည့် စာအုပ်ပုံကာဗာ (Book cover)အား မဖြစ်မနေ တပ်ဆင်အသုံးပြု ရမည်။

၂။ Tablet တွင် ပါရှိသည့် ဆော့ဖ်ဝဲလ်များမှအပ မည်သည့် ဆော့ဖ်ဝဲလ်ကိုမှ ထပ်မံထည့်သွင်း (install) ပြုလုပ်ခြင်းမပြုရပါ။

၃။ Tablet အတွက် တယ်လီဖုန်းဆင်းကဒ်တစ်ကဒ် သီးသန့်ထည့်သွင်းအသုံးပြုပါရန်နှင့် အဆိုပါ ဆင်းကဒ် နံပါတ်ကို MILI အဖွဲ့သို့ မပျက်မကွက် ပေးပို့ပါရမည်။

၄။ Tablet သည် ဖုန်းဆက်သွယ်ခြင်းအတွက် အသုံးပြုရန်မသင့်တော်သည့် အရွယ်အစား ဖြစ်သောကြောင့် အင်တာနက်ဖြင့် သင်တန်းတက်ရောက်ခြင်း နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အချိန်အတွင်း အချက်အလက်စုဆောင်း ရန်အတွက်သာ အသုံးပြုရမည်ဖြစ်ပါသည်။

၅။ Tablet သို့ ဗိုင်းရပ်စ် ဝင်ရောက်ခြင်းမှကာကွယ်ရန် ကွန်ပြူတာဖြင့်ချိတ်ဆက်ခြင်း၊ အခြားဖုန်းမှ ဖိုင်များကို Zapya ဖြင့် ကူးယူခြင်းများကို **လုံးဝ(လုံးဝ)** မပြုလုပ်ရပါ။

၆။ Tablet တွင် ထည့်သွင်းထားပြီးဖြစ်သည့် KoBo collect အပလီကေးရှင်းသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် အဓိက အသုံးပြုရမည့် အပလီကေးရှင်း ဖြစ်သောကြောင့် အဆိုပါ အပလီကေးရှင်းအား ပြင်ဆင်ခြင်း၊ uninstall လုပ်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရပါ။

၇။ Tablet သည် အချက်အလက်များကောက်ယူရန်နှင့် online အသုံးပြုခြင်းအတွက်သာ အသုံးပြုနိုင်ရန်သာ အဆင်ပြေသောကြောင့် Game (ဂိမ်း) များထည့်သွင်းခြင်း/ Game (ဂိမ်း) ကစားခြင်း နှင့် ဗီဒီယိုဖိုင်များ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ပါက စက်ပိုင်းဆိုင်ရာချို့ယွင်းမှုရှိနိုင်သဖြင့် Game (ဂိမ်း) များထည့်သွင်းခြင်း/ Game (ဂိမ်း) ကစားခြင်း နှင့် ဗီဒီယိုဖိုင်များ ထည့်သွင်း ခြင်းတို့ကို လုံးဝ (လုံးဝ) မပြုလုပ်ရပါ။

၈။ Tablet တွင် စက်ပိုင်းဆိုင်ရာဖြစ်စေ၊ ဆော့ဖ်ဝဲပိုင်းဆိုင်ရာဖြစ်စေ ချို့ယွင်းမှုရှိပါက (မချစ်စုထွေး၊ ဖုန်း - ၀၉၄၂၁၁၆၉၉၃၅) သို့ ချက်ခြင်း အမြန်ဆုံး အကြောင်းကြားပေးရပါမည်။

၉။ Tablet အား ရည်ရွယ်ချက်ဖြင့် ပျက်စီးဆုံးရှုံးအောင် ပြုလုပ်ပါက မူလတန်ဖိုးအတိုင်း ပေးလျော်ရမည်ကို သတိပြုပါရန်။

၁၀။ MILI မှ ငှားရမ်းပေးထားသည့် Tablet များကို ရွေးကောက်ပွဲအပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၅) ရက် နောက်ဆုံး ထား၍ MILI အဖွဲ့သို့ ပြန်လည် အပ်နှံပေးပါရပါမည်။

**ဆက်သွယ်ရန်**

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တာဝန်ရှိသူများ

- ဒေါ်ယုယသူ၊ အမှုဆောင်အရာရှိ - ၀၉၅၁၈၂၂၈၃
- ဒေါ်ယုယုဆွေ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင် - ၀၉၉၆၄၇၆၃၂၇၉
- ဦးဇေယျာမင်း၊ စီမံချက် တာဝန်ခံ - ၀၉၄၂၂၄၆၈၅၁၆
- ကြီးကြပ်ရေးမှူး - ချင်းပြည်နယ် - ဦးသန့်စင်ထွန်း - ၀၉၂၆၃၉၉၂၆၀၇
- ကြီးကြပ်ရေးမှူး- ပဲခူးတိုင်းဒေသကြီး - ဦးနေစိုး - ၀၉၄၂၃၇၂၀၇၁၁
- ကြီးကြပ်ရေးမှူး- ရန်ကုန်တိုင်းကြီး - ဒေါ်ချစ်စုထွေး - ၀၉၄၂၁၁၆၉၉၃၅
- ကြီးကြပ်ရေးမှူး- ဧရာဝတီတိုင်းကြီး ဦးအောင်မင်းထွန်း- ၀၉၂၆၆၆၉၃၁၃၅

**မသန်စွမ်းသူ မဲဆန္ဒရှင်နှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်သတင်းပို့ရန် ပုံစံ**

| |
|---|
| ထူးခြားဖြစ်စဉ် ဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ပုံစံအတိုင်းကြီးကြပ်သူထံတယ်လီဖုန်း သတင်းပေးပို့ရန် ဖြစ်ပါသည်။ |
| လေ့လာသူအမည် ___________<br>လေ့လာသူ၏ ကုဒ်အမှတ် _________________<br>မဲရုံကုဒ်အမှတ် _________________ |
| **ဖြစ်စဉ် အမျိုးအစားများ**<br>၁. မသန်စွမ်းသူတစ်ဦးဦး၏ အကူအညီခေါ်ယူမှုအားကန့်ကွက်ခြင်း<br>၂. အထောက်အကူပြုပစ္စည်းအသုံးပြုမှုအား ကန့်ကွက်ခြင်း<br>၃. အကြားအာရုံမသန်စွမ်းသူနှင့် ဆက်သွယ်မှုခက်ခဲပြီး နားလည်မှုလွဲခြင်း |

| | |
|---|---|
| ၄. ဗိုးချဲအသုံးပြုသူ မဲရုံအတွင်းသို့ ဝင်ရန် အခက်အခဲဖြစ်သဖြင့် ဆန္ဒမဲ ပေးခွင့်ကို ထိခိုက်ခြင်း<br>၅. မသန်စွမ်းသူတစ်ဦးဦး ဆန္ဒမဲပေးရန် လိုအပ်သည်ထက် ပိုမိုကြန့်ကြာခြင်း၊ ဆိုင်းငံ့ခံခြင်း<br>၆. မသန်စွမ်းသူ တစ်ဦးဦးကိုယ်စား အခြားတစ်ဦးဦးက ဆန္ဒမဲပေးခဲ့ခြင်း<br>၇. ရွေးကောက်ပွဲလေ့လာသူအား လေ့လာခွင့်မပြုဘဲ တားမြစ်ခြင်း<br>၈. အခြား | |
| ဖြစ်စဉ်ကို အဓိက စတင်သူ<br>၁. ရွေးကောက်ပွဲတာဝန်ရှိသူ<br>၂. လုံခြုံရေးအဖွဲ့<br>၃. မီဒီယာ<br>၄. ဒေသဆိုင်ရာတာဝန်ရှိသူ<br>၅. ပါတီကိုယ်စားလှယ် (ပါတီ အမည်)<br>၆. မသိပါ | |
| ဖြစ်စဉ်တွင် ပါဝင်သူ<br>ကျား _____ ဦး၊ မ _____ ဦး | |
| **ဖြစ်စဉ် အခြေအနေ**<br>၁. ဖြစ်စဉ် ဖြစ်ပွားသည့် အချိန်<br>၂. ဖြစ်စဉ်ကို ကိုယ်တိုင်တွေ့ရှိသည်။<br>၃. ဖြစ်စဉ် ကို တဆင့်ကြားသိရသည်။ | **ဖြစ်စဉ်တွင် ပါဝင်သူ မသန်စွမ်းသူ မဲဆန္ဒရှင်**<br>၁။ ကျား/ မ<br>၂။ မသန်စွမ်းမှုအမျိုးအစား<br>၃။ အထောက်အကူပြုပစ္စည်းအသုံးပြုပါက အမျိုးအစား |
| **ဖြစ်စဉ် အကျဉ်းဖော်ပြချက်** | |
| **ဖြစ်စဉ် ပြီးဆုံးမှုအခြေအနေ** | |

**မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI)**

**၂၀၂၀ ခုနှစ်၊ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲ၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံများကို မသန်စွမ်းသူများလက်လှမ်းမီ အသုံးပြုနိုင်မှုရှုထောင့်မှလေ့လာစောင့်ကြည့်ခြင်း**

| ကာလာတိုစောင့်ကြည့်လေ့လာသူများ၏အမည်စာရင်း | | | | |
|---|---|---|---|---|
| စဉ် | အမည် | မှတ်ပုံတင်နံပါတ် | ဖုန်းနံပါတ် | တိုင်းဒေသကြီး/ပြည်နယ် |
| ၁ | ဟာရမ်ချင်းထန် | ၄/ကပလ(နိုင်)၀၀၉၅၀၃ | 09 773472321 | ချင်းပြည်နယ် |
| ၂ | ဒေါ်ပန်မနား | ၄/ကပလ(နိုင်)၁၀၉၀၀၇ | 09 771497214 | ။ |
| ၃ | ဒေါ်ရှင်းထုံ | ၄/ကပလ(နိုင်)၀၁၃၁၇၁ | 09 778581790 | ။ |
| ၄ | ဒေါ်လေးဟုန်း | ၄/ကပလ(နိုင်)၀၁၅၈၂၉ | 09 406153881 | ။ |
| ၅ | ဒေါ်အယ်နီ | ၄/ကပလ(နိုင်)၀၂၀၆၈၈ | 09 264569008 | ။ |
| ၆ | ဒေါ်အွဲသာရှိန်း | ၄/ကပလ(နိုင်)၀၁၇၁၄၂ | 09 671666782 | ။ |
| ၇ | ဦးဖွေမနား | ၁၃/နစန(နိုင်)၀၃၅၆၂၉ | 09 459625296 | ။ |
| ၈ | ဒေါ် ရှင်းမာန် | ၄/ကပလ(နိုင်)၀၁၇၈၃၈ | 09 256853022 | ။ |
| ၉ | ဦးမနားကီး | ၄/ကပလ(နိုင်)၀၁၆၄၂၇ | 09 427946550 | ။ |
| ၁၀ | ဦးထန်းထုံ | ၃/ဖပန(နိုင်)၀၂၈၂၇၀ | 09 750727980 | ။ |
| ၁၁ | ဦးဖွေကီး | ၄/ကပလ(နိုင်)၀၁၉၄၉၆ | 09 986307666 | ။ |
| ၁၂ | ဒေါ်ရှင်းသာဘူ | ၄/ကပလ(နိုင်)၀၂၀၄၉၃ | 09 764718980 | ။ |
| ၁၃ | ဒေါ် နှိမ်းဘူ | ၄/ကပလ(နိုင်)၀၁၆၆၈၇ | 09 759003537 | ။ |
| ၁၄ | ဦးနိုင်းထန်း | ၄/ကပလ(နိုင်)၀၂၀၃၉၄ | 09 881169484 | ။ |
| ၁၅ | ဦးလိန်းမနား | ၄/ကပလ(နိုင်)၀၁၇၃၄၄ | 09 893836328 | ။ |
| ၁၆ | ဦးပြည့်စုံဝင်းချစ် | ၁၄/ပသန(နိုင်)၁၈၂၅၂၇ | 09-684873780 | ဧရာဝတီတိုင်းဒေသကြီး |
| ၁၇ | ဦးခင်မောင်ထူး | ၁၄/မမန(နိုင်)၃၅၅၄၈၂ | 09-788804925 | ။ |
| ၁၈ | ဦးအောင်ကိုကို | ၁၄/သပန(နိုင်)၁၀၆၃၁၈ | 09-673178929 | ။ |
| ၁၉ | ဦးမြတ်ခိုင်ကျော် | ၁၄/သပန(နိုင်)၁၀၀၂၉၈ | 09-679728533 | ။ |
| ၂၀ | ဦးအောင်မင်းထွန်း | ၁၄/ဝခမ(နိုင်)၁၇၀၀၃၂ | 09-266693135 | ။ |
| ၂၁ | ဦးစသန့်ဇင်ထွန်း | ၁၄/ဝခန(နိုင်)၂၈၄၄၆၈ | 09-452954924 | ။ |
| ၂၂ | ဦးအောင်မြတ်စိုး | ၁၄/သပန(နိုင်)၁၁၂၃၆၆ | 09-973718592 | ။ |
| ၂၃ | ဦးဟန်ထူးအောင် | ၈/နမန(နိုင်)၁၃၂၅၁၈ | 09-797942004 | ။ |
| ၂၄ | ဒေါ်ခင်စုစုဝင်း | ၁၂/လမန(နိုင်)၁၀၉၉၉၈ | 09-5089121 | ရန်ကုန်တိုင်းဒေသကြီး |
| ၂၅ | ဒေါ်လွင်ဝါဝါအောင် | ၁၂/မဂဒ(နိုင်)၁၃၀၀၈၈ | 09-799265772 | ။ |
| ၂၆ | ဒေါ်နွယ်ဇာသင်း | ၁၂/ဥကမ(နိုင်)၀၁၀၈၁၆ | 09-43098789 | ။ |
| ၂၇ | ဒေါ်စုစုလှိုင် | ၁၂/တမန(နိုင်)၁၁၅၃၅၀ | 09-772908075 | ။ |
| ၂၈ | ဒေါ်သန်းသန်းအေး | ၁၂/ဥကမ(နိုင်)၀၇၆၁၀၇ | 09-5176494 | ။ |
| ၂၉ | ဦးသူရအောင် | ၁၂/သကတ(နိုင်)၁၈၅၀၇၀ | 09-789993027 | ။ |
| ၃၀ | ဒေါ်တင်နွယ်ဦး | ၁၂/မရက(နိုင်)၁၁၂၂၉၅ | 09-795502082 | ။ |
| ၃၁ | ဦးကျော်သူ | ၁၂/မဘန(နိုင်)၁၅၂၈၃၂ | 09-780054926 | ။ |
| ၃၂ | ဦးဝေယံဖြိုး | ၁၄/ငပတ(နိုင်)၁၆၈၅၉၇ | 09-778469202 | ။ |
| ၃၃ | ဦးရဲနိုင်မြင့် | ၃/ဘအန(နိုင်)၁၅၄၈၈၇ | 09-775017132 | ။ |
| စဉ် | အမည် | မှတ်ပုံတင်နံပါတ် | ဖုန်းနံပါတ် | တိုင်းဒေသကြီး/ပြည်နယ် |
| ၃၄ | ဒေါ်ယုယုထွန်း | ၁၂/ဗတထ(နိုင်)၀၃၅၂၆၇ | 09-458595489<br>09-796819224 | ရန်ကုန်တိုင်းဒေသကြီး |

| | | | | |
|---|---|---|---|---|
| ၃၅ | ဦးအောင်ကိုဦး | ၁၂/အစန(နိုင်)၂၀၇၀၅၅ | 09-898965902 | ။ |
| ၃၆ | ဦးသန်းစိုးအောင် | ၁၂/လသယ(နိုင်)၀၃၂၃၅၆ | 09-690392667 | ။ |
| ၃၇ | ဦးထွန်းအောင် | ၁၂/စခန(နိုင်)၀၄၃၁၉၀ | 09-696141968 | ။ |
| ၃၈ | ဦးသူရစန်း | ၁၂/ခရန(နိုင်)၁၁၉၁၆၆ | 09-796233546 | ။ |
| ၃၉ | ဦးလွင်မျိုးထွန်း | ၁၂/သကတ(နိုင်)၁၄၂၀၂၉ | 09-250020157 | ။ |
| ၄၀ | ဦးမြတ်မိုး | ၃/ဘအန(နိုင်)၀၀၆၃၆၉ | 09-421136262 | ။ |
| ၄၁ | ဒေါ်တင်နီလာဝင်း | ၁၃/ရစန(နိုင်)၀၇၈၀၉၈ | 09-420819597 | ။ |
| ၄၂ | ဒေါ်စိုးမိုးဦး | ၈/ မကန(နိုင်)၁၆၆၃၂၆ | 09-401548769 | ။ |
| ၄၃ | ဦးအောင်ဇော်လွင် | ၈/မမန(နိုင်)၁၈၁၄၄၁ | 09250030164 | ။ |
| ၄၄ | ဒေါ်နှင်းရီခိုင် | ၁၄/ပသန (နိုင်) ၂၅၄၀၀၆ | 09-768273741 | ။ |
| ၄၅ | ဦးနိုင်ဦး | ၁၄/တပက(နိုင်)၁၂၅၅၈၉ | 09-661411441 | ပဲခူးတိုင်းဒေသကြီး |
| ၄၆ | ဦးနေစိုး | ၇/ကပတ(နိုင်)၁၁၆၅၅၄ | 09-423721711 | ။ |
| ၄၇ | ဦးပြည့်မင်းထက် | ၇/ကတခ(နိုင်)၁၅၃၁၆၄ | 09-258684561<br>09-697065142 | ။ |
| ၄၈ | ဦးသန့်ဇင် | ၇/ကပက(နိုင်)၀၆၁၁၀၀ | 09-675076010 | ။ |
| ၄၉ | ဦးတင့်နိုင်ထွန်း | ၇/အဖန(နိုင်)၀၉၈၁၉၄ | 09-254977136 | ။ |
| ၅၀ | ဦးလင်းနိုင် | ၇/တကခ(နိုင်)၀၀၄၄၀၃ | 09-970649330<br>09-693242133 | ။ |
| ၅၁ | ဦးရဲလင်းကို | ၇/သကန(နိုင်)၁၂၆၈၉၉ | 09-694153254 | ။ |
| ၅၂ | ဒေါ်ယဉ်မင်းအေး | ၇/ဖမန(နိုင်)၂၄၆၃၇၆ | 09-687170116 | ။ |
| ၅၃ | ဦးအောင်ခန့်သူ | ၇/ကတခ(နိုင်)၂၀၀၇၂၀ | 09-951260507 | ။ |
| ၅၄ | ဦးမျိုးသူထိုက် | ၇/ပတတ(နိုင်)၁၁၁၃၇၀ | 09-962478361<br>09-791281699 | ။ |
| ၅၅ | ဒေါ်ဉမ္မာမောင်မောင် | ၇/ပမန(နိုင်)၂၀၆၁၇၅ | 09-696116902 | ။ |
| ၅၆ | ဦးကောင်းဆက် | ၇/အတန(နိုင်)၀၁၆၈၆၆ | 09-266068574 | ။ |
| ၅၇ | ဒေါ်ထူးခြားခြားကို | ၇/အတန(နိုင်)၁၁၀၃၁၂ | 09-783206463 | ။ |
| ၅၈ | ဦးကျော်ထူး | ၇/ထတပ(နိုင်)၁၁၀၁၅၉ | 09-766925144 | ။ |
| ၅၉ | ဒေါ်နုနုလှိုင် | ၇/ကတခ(နိုင်)၁၉၂၆၁၁ | 09-428129557 | ။ |
| ၆၀ | ဦးခိုင်စိုးသန့် | ၇/အတန(နိုင်)၁၅၅၆၈၂ | 09-440818886 | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| လေ့လာသည့်မဲရုံ ကုဒ်အမှတ် | | လေ့လာသူ၏ ကုဒ်အမှတ် | | | | |
| လေ့လာသူအမည် | | လေ့လာသူ၏ လိင် | ၁ ကျား | ၂ မ | ၃ အခြား |

**က။ မဲရုံပြင်ပတွင် လေ့လာရန် အပိုင်း**

| | | | |
|---|---|---|---|
| ၁။ | မဲရုံပရဝုဏ်/မဲရုံရှေ့တွင် မဲဆန္ဒရှင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည်မိခင်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းတန်းစီစရာမလိုစေရန် ဦးစားပေး အစီအမံများ/အမှတ်အသားများ/နေရာများ ပြုလုပ်ထားသည်ကို တွေ့ရှိပါသလား။ | ၁ တွေ့ရှိပါသည်။ | ၂ မတွေ့ရှိပါ။ |
| ၂။ | မဲရုံရှေ့တွင် စောင့်ဆိုင်းနေရသော လူတန်းရှည် (သို့မဟုတ်) ဆန္ဒမဲလာပေးသည့်သူများထဲတွင် မသန်စွမ်းသူများကို သိသာထင်ရှားစွာ တွေ့ရှိပါသလား။ | ၁ တွေ့ရှိပါသည်။ | ၂ မတွေ့ရှိပါ။ |
| ၃။ | (က) မဲရုံတွင် ဆန္ဒမဲပေးသူများအသုံးပြုရန် စီစဉ်ထားသော ကိုဗစ်-19 ကာကွယ်ရေး လက်သန့်ဆေး၊ ကို မသန်စွမ်းသူများအလွယ်တကူ အသုံးပြုနိုင်ပါသလား။ | ၁ အသုံးပြုနိုင်ပါသည်။<br>၂ အသုံးမပြုနိုင်ပါ။<br>၃ လက်သန့်ဆေးရည်မရှိပါ။ | |
| | (ခ)မဲရုံတွင် ဆန္ဒမဲပေးသူများအသုံးပြုရန် စီစဉ်ထားသော ကိုဗစ်-19 ကာကွယ်ရေး လက်ဆေးရန်နေရာသည် မသန်စွမ်းသူများအလွယ်တကူ အသုံးပြုနိုင်ပါသလား။ | ၁ အသုံးပြုနိုင်ပါသည်။<br>၂ အသုံးမပြုနိုင်ပါ။<br>၃ လက်ဆေးရန်နေရာမရှိပါ။ | |

| | | | |
|---|---|---|---|
| ၄။ | မဲရုံအဝင်ဝ/မဲရုံပရဝုဏ်အတွင်း အများမြင်သာသည့်နေရာတွင် အတားအဆီးကင်းသည့် မဲရုံဖြစ်ကြောင်း မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် ရည်ညွှန်းသည့် စာသား (သို့မဟုတ်) အမှတ်အသားပါ ပိုစတာ/ဆိုင်းဘုတ်တစ်ခုခု ရှိပါသလား။ | ၁ ရှိသည်။ | ၂ မရှိပါ။ |
| | ရှိပါက | (က) မသန်စွမ်းသူများ အတွက် အတားအဆီးကင်းကြောင်း ဖော်ပြသည့် စာတမ်း ၊ ရုပ်ပုံ | |
| | | (ခ) မသန်စွမ်းသူများမဲပေးနိုင်ကြောင်း စာတမ်း | |
| | | (ဂ) ဝှီးချဲ ရုပ်ပုံ | |
| | | (ဃ) မသန်စွမ်းသူများအတွက် အကူအညီရယူနိုင်ကြောင်းစာတမ်း | |
| | | (င) အခြား _______________ | |
| ၅။ | (က) မဲရုံတည်နေရာသည် မြေညီထပ်တွင် တည်ရှိပါသလား။ | ၁ ဟုတ်ပါသည်။ | ၂ မဟုတ်ပါ။ |
| | (ခ) မြေညီထပ်တွင်မဟုတ်လျှင် အပေါ်တက်ရန် စက်လှေကား (သို့) ဓါတ်လှေကား ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၆။ | (က) မဲရုံအဝင်နှင့် အထွက်တံခါးဝနေရာများတွင် မသန်စွမ်းသူများ အလွယ်တကူ ဝင်ထွက်နိုင် ရန် အတွက် အနည်းဆုံး ဗျက်အကျယ် ၃ ပေရှိ ဆင်ခြေလျှောလမ်းများ ပြုလုပ်ထားပါသလား။ | ၁ ပြုလုပ်ထားပါသည်။ | |
| | | ၂ မပြုလုပ်ထားပါ။ | |
| | | ၃ ပြုလုပ်ရန်မလိုအပ်ပါ။ | |
| | (ခ) ဆင်ခြေလျှောရှိပါကအဆိုပါဆင်ခြေလျှောများသည် လွန်စွာမတ်စောက်ခြင်းမရှိပဲ ဝှီးချဲလ်အသုံးပြုသူမဲဆန္ဒရှင်များ အသုံးပြုရလွယ်ကူသည့်အနေအထားတွင် ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၇။ | မဲရုံ၏အဝင်/အထွက်တံခါးများသည် ဝှီးချဲလ်အသုံးပြုသူမဲဆန္ဒရှင်များဝင်ရောက်နိုင်ရန် လုံလောက်သောအကျယ်အဝန်း (အနည်းဆုံး ၃ ပေ) ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၈။ | မဲရုံအပြင်ဘက် (သို့မဟုတ်) အတွင်းဘက် အများမြင်သာမည့်နေရာတွင် အကြားအာရုံမသန်စွမ်းသူများ/ ဉာဏ်ရည်မသန်စွမ်းသူများ/စာမတတ်သူမဲဆန္ဒရှင်များ နားလည်နိုင်မည့် မဲပေးနည်းလမ်းညွှန် စာများ/ရုပ်ပုံများ ဖော်ပြထားတာ ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |

**ခ။ မဲရုံအတွင်းတွင် လေ့လာရန် အပိုင်း**

| | | | |
|---|---|---|---|
| | မဲရုံအတွင်း ဆန္ဒမဲထည့်သူများ သွားလာရာနေရာများ/လျှောက်လမ်းများသည် အထောက်အကူပြုပစ္စည်းအသုံးပြုသည့် မဲဆန္ဒရှင်များအတွက် အတားအဆီးကင်းပြီး လုံလောက်ကျယ်ဝန်းသောအနေအထား ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၁၀။ | မဲရုံအဝင်/အထွက်နှင့် မဲရုံအတွင်း လျှောက်လမ်းနေရာများတွင် အမြင်အာရုံမသန်စွမ်းသူမဲဆန္ဒရှင်များအား ထိခိုက်ဒဏ်ရာရစေနိုင်မည့် အရပ်မလွတ်သော အတားအဆီးများ/ ဆိုင်းဘုတ်များ /မျက်နှာကြက်မှ ပြုတ်ကျလာနိုင်သောအရာများ/ မျက်နှာကြက်မှ တွဲလောင်းဆွဲထားသောပစ္စည်းများ၊ ရှိနေပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၁၁။ | မဲရုံအတွင်း အလင်းရောင်ကောင်းစွာ ရရှိပါသလား။ | ၁ ရရှိပါသည်။ | ၂ မရရှိပါ။ |
| ၁၂။ | (က)မဲရုံအတွင်းရှိ မဲ စာရင်းစစ်သည့် စားပွဲ၊ မဲလက်မှတ်ထုတ်ယူသည့် စားပွဲများ၏ အမြင့်သည် ဝှီးချဲလ်အသုံးပြုသူ/အရပ်ပုသူမဲဆန္ဒရှင်များ လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထား တွင် ရှိပါသလား။ *(ပျမ်းမျှ အမြင့် ၂ ပေခွဲနှင့် စားပွဲအောက်ခြေတွင်ချုပ်တန်းမရှိခြင်းကိုဆိုလိုသည်)* | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| | (ခ) မဲရုံအတွင်းရှိ လျှို့ဝှက်ဆန္ဒပြုခန်းတွင် အသုံးပြုသည့် စားပွဲ စားပွဲများ၏ အမြင့်သည် ဝှီးချဲလ်အသုံးပြုသူ/အရပ်ပုသူမဲဆန္ဒရှင်များ လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထား တွင် ရှိပါသလား။ *(ပျမ်းမျှ အမြင့် ၂ ပေခွဲနှင့် စားပွဲအောက်ခြေတွင်ချုပ်တန်းမရှိခြင်းကိုဆိုလိုသည်)* | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| | (ဂ)မဲရုံအတွင်းရှိ မဲပုံးများ၏ အမြင့်သည် ဝှီးချဲလ်အသုံးပြုသူ/အရပ်ပုသူမဲဆန္ဒရှင်များ လက်လှမ်းမီအသုံးပြုနိုင်သည့်အနေအထား တွင် ရှိပါသလား။ *(ပျမ်းမျှ အမြင့် ၂ ပေခွဲနှင့် မဲပုံးတင်ထားသည့် စားပွဲအောက်ခြေတွင်ချုပ်တန်းမရှိခြင်းကိုဆိုလိုသည်)* | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၁၃။ | အချို့သောကိုယ်အင်္ဂါချို့ယွင်းသူမဲဆန္ဒရှင်များ (ဥပမာ - လက်ချောင်းမပါရှိသူ)အတွက် ဆန္ဒမဲပြုပြီးကြောင်းအမှတ်အသားပြုသည့် "မှင်တို့အစီအစဉ်" အား အဆင်ပြေအောင် စီစဉ်ထားသည်ကို တွေ့ရှိရပါသလား။ | ၁ တွေ့ရှိပါသည်။ | ၂ မတွေ့ရှိပါ |
| ၁၄။ | အမြင်အာရုံမသန်စွမ်းသူမဲဆန္ဒရှင်၊ ဉာဏ်ရည်မသန်စွမ်းသူမဲဆန္ဒရှင်များသည် မိမိစိတ်ကြိုက် ခေါ်ဆောင်လာသော  အကူလူဖြင့်မဲပေးလိုပါက မဲပေးနိုင်ရန် ခွင့်ပြုသည်ကို တွေ့ရှိပါသလား။ | ၁ ခွင့်ပြုသည်။<br>၂ ခွင့်မပြုပါ။<br>၃ ၎င်းမဲဆန္ဒရှင်အားမတွေ့ပါ။ | |
| ၁၅။ | ဉာဏ်ရည်မသန်စွမ်းသူမဲဆန္ဒရှင်များ ဆန္ဒမဲထည့်ခွင့်နှင့်စပ်လျဉ်း၍ တားဆီးခံရမှုများတွေ့ရှိပါသလား။ | ၁ တွေ့ရှိခဲ့ပါသည်။<br>၂ မတွေ့ရှိခဲ့ပါ။<br>၃ ဉာဏ်ရည်မသန်စွမ်းသူ မဲဆန္ဒရှင်အားမတွေ့ပါ။ | |

| ဂ။ မဲရုံသို့ရောက်ရှိနေစဉ်တွင် လေ့လာရန် အပိုင်း | | |
|---|---|---|
| ၁၆။ | မဲရုံရှိ မဲရုံဝန်ထမ်းများ/တာဝန်ရှိသူများသည် မသန်စွမ်းသူမဲဆန္ဒရှင်များအပေါ် ပြုမူပြောဆိုဆက်ဆံရာတွင် အပြုသဘောမဆောင်သည့် အပြုအမူ/အပြောအဆိုများ တွေ့ရှိရပါသလား။ | ၁ တွေ့ရှိခဲ့ပါသည်။<br>၂ မတွေ့ရှိခဲ့ပါ။<br>၃ မသန်စွမ်းမဲဆန္ဒရှင်များမတွေ့ခဲ့ပါ။ |
| ၁၇။ | မဲရုံရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများ/၎င်းတို့၏ကိုယ်စားလှယ်များ/ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများထဲတွင် မသန်စွမ်းသူများ၏ ဆန္ဒမဲပေးခွင့်နှင့်စပ်လျဉ်း၍ အပြုသဘောမဆောင်သည့် အပြုအမူ/အပြောအဆိုများ ပြုလုပ်သည်ကို တွေ့ရှိရပါသလား။ | ၁ တွေ့ရှိခဲ့ပါသည်။<br>၂ မတွေ့ရှိခဲ့ပါ။<br>၃ မသန်စွမ်းမဲဆန္ဒရှင်များမတွေ့ခဲ့ပါ။ |
| ၁၈။ | မဲရုံသို့ မဲလာထည့်သည့် မသန်စွမ်းမဟုတ်သော မိဘပြည်သူများ/မဲဆန္ဒရှင်များထဲတွင် မသန်စွမ်းသူများ၏ ဆန္ဒမဲပေးခွင့်နှင့်စပ်လျဉ်း၍ အပြုသဘောမဆောင်သည့် အပြုအမူ/အပြောအဆိုများ ပြုလုပ်သည်ကို တွေ့ရှိရပါသလား။ | ၁ တွေ့ရှိခဲ့ပါသည်။<br>၂ မတွေ့ရှိခဲ့ပါ။<br>၃ မသန်စွမ်းမဲဆန္ဒရှင်များမတွေ့ခဲ့ပါ။ |

| ဃ။ မဲရုံဝန်ထမ်းများအား မေးမြန်းရန်အပိုင်း | | | |
|---|---|---|---|
| ၁၉။ | မဲရုံဝန်ထမ်းများသည် နားမကြားသူမဲဆန္ဒရှင်များနှင့်စပ်လျဉ်းသည့် လက်သင်္ကေတပြ ဘာသာစကားကို သိရှိနားလည်ပါသလား။ | ၁ သိရှိနားလည်ပါသည်။ | ၂ မသိရှိနားမလည်ပါ။ |
| ၂၀။ | မဲရုံဝန်ထမ်းများသည် အမြင်အာရုံမသန်စွမ်းသူမဲဆန္ဒရှင်များနှင့်စပ်လျဉ်းသည့် မျက်မမြင်လက်စမ်းစာ နှင့်မဲပေးသည့်ဖြစ်စဉ် ကို သိရှိနားလည်ပါသလား။ | ၁ သိရှိနားလည်ပါသည်။ | ၂ မသိရှိနားမလည်ပါ။ |
| ၂၁။ | ဆန္ဒမဲလာရောက်ထည့်သည့် အကြားအာရုံမသန်စွမ်းသူများနှင့် အလွယ်တကူဆက်သွယ်နိုင်ရန် မဲရုံဝန်ထမ်းများအနေဖြင့် ကြိုတင်စီမံပြင်ဆင်ထားမှုရှိပါသလား။ *(ဥပမာ - စာရွက်အလွတ်နှင့် ခဲတံများထားရှိခြင်း/ အသင့်ရေးသားထားသော မဲဆန္ဒရှင်သိရမည့်အချက်များအား ရှင်းပြခြင်း စသည်)* | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၂၂။ | မသန်စွမ်းသူမဲဆန္ဒရှင်များ မဲလာထည့်သည်ကို တွေ့ရှိရပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| | တွေ့ရှိပါကအရေအတွက်အားရေးပါ | | |
| ၂၃။ | မဲရုံဝန်ထမ်းများအား မသန်စွမ်းမှုနှင့်ပတ်သက်သည့် / မသန်စွမ်းသူမဲဆန္ဒရှင်များအား ထိရောက်စွာ အကူအညီပေးခြင်းနှင့် | ၁ ရှိပါသည်။ | ၂ မရှိပါ။ |

| | | | |
|---|---|---|---|
| | စပ်လျဉ်းသည့် သိသင့်သည်များအပေါ် သင်တန်းပေးထားမှု (သို့မဟုတ်) ကြိုတင်ရှင်းလင်းပြောကြားထားမှုရှိပါသလား။ | | |
| ၂၄။ | မဲရုံတွင် မသန်စွမ်းသူများ/သက်ကြီးရွယ်အိုမဲဆန္ဒရှင်များ ခေတ္တအသုံးပြုနိုင်ရန် စီစဉ်ပေး ထားသည့် ဝှီးချဲလ်အစရှိသည့် အထောက်အကူပြုပစ္စည်းများ စီမံထားရှိပေးထားပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| ၂၅။ | မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲထည့်လိုသည့် မသန်စွမ်းသူများ/သက်ကြီးရွယ်အိုများ မဲရုံသို့အလွယ်တကူလာရောက်နိုင်ရန် ကြို/ပို့အစီအစဉ် စီမံပြုလုပ်ထားရှိပေးထားပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| **င။ ရွေးကောက်ပွဲကော်မရှင်ခွဲ မှ တာဝန်ရှိသူကို မေးမြန်းရန် အပိုင်း (ရပ်ကွက် သို့မဟုတ် ကျေးရွာ ကော်မရှင်ခွဲအားမေးပါ)** | | | |
| ၂၆။ | မဲရုံသို့လာရောက်သော မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် အဆင်ပြေလွယ်ကူစွာ မဲထည့်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားသည်များ ရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| | ရှိပါက ကြိုတင်စီမံဆောင်ရွက်ထားသည်များ | (က) မဲရုံအဝင်အထွက်လမ်းများ အား အဆင်ပြေရန် ပြုပြင်ထားခြင်း | |
| | | (ခ) မျက်မမြင်စာဖြင့် မဲလက်မှတ် စီစဉ်ထားခြင်း | |
| | | (ဂ) လက်သင်္ကေတပြ ဘာသာပြန် စီစဉ်ပေးခြင်း | |
| | | (ဃ) အကူညီပေးမည့်သူ ကြိုတင် စီစဉ်ထားခြင်း | |
| | | (င) အသုံးပြုသည့် စားပွဲများ၊ မဲပုံးတင်သည့် စားပွဲ၊ ဆန္ဒပြုခန်းများကို မသန်စွမ်းသူများ အဆင်ပြေရန် စီစဉ်ထားခြင်း | |
| | | (စ) အခြား ____________________ | |
| ၂၇ | (က)မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် မဲရုံများတွင် အဆင်ပြေအောင် စီမံဆောင်ရွက်ရန် အခက်အခဲရှိပါသလား။ | ၁ ရှိပါသည်။ | ၂ မရှိပါ။ |
| | (ခ) ရှိပါက မည်သည့်အပိုင်းများ ဖြစ်ပါသလဲ။ | ၁ မသန်စွမ်းမှုဆိုင်ရာနည်းပညာပိုင်း | |
| | | ၂ ဘဏ္ဍာငွေကြေးပိုင်း | |
| | | ၃ လူ့စွမ်းအားရင်းမြစ်ပိုင်း | |
| | (က) မဲရုံဝန်ထမ်းများ/စေတနာ့ဝန်ထမ်းများထဲတွင် မသန်စွမ်းသူများ ပါဝင်ပါသလား။ | ၁ ပါဝင်ပါသည်။ | ၂ မပါဝင်ပါ။ |

| | | |
|---|---|---|
| ၂၈။ | (ခ) ပါဝင်ပါကမသန်စွမ်းအမျိုးအစားအလိုက် အရေအတွက်အားရေးပါ။ | ______ ကိုယ်လက်အင်္ဂါမသန်စွမ်း<br>______အမြင်အာရုံမသန်စွမ်း<br>______အကြားအာရုံမသန်စွမ်း<br>______ ဉာဏ်ရည်မသန်စွမ်း<br>*(မိဘ/မိသားစုဝင်)* |
| ၂၉။ | မိမိတာဝန်ယူသည့်မဲဆန္ဒနယ်တွင် မသန်စွမ်းလွှတ်တော်ကိုယ်စားလှယ်ရှိပါသလား။ | ၁ ရှိပါသည်။<br>၂ မရှိပါ။<br>၃ မသိပါ။ |

| **စ။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူကိုယ်တိုင်သုံးသပ်ရန်အပိုင်း** | | | |
|---|---|---|---|
| ၃၀။ | ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သော မသန်စွမ်းသူများကို မဲရုံရှိ မသန်စွမ်းမဟုတ်သူများ က အပြုသဘောမဆောင်သော ပြုမူ/ပြောဆိုဆက်ဆံခံရမှုများ ကြုံတွေ့ရပါသလား။ | ၁ ကြုံတွေ့ရသည်။ | ၂ မကြုံတွေ့ရပါ။ |
| | ကြုံတွေ့ရပါက အပြုသဘောမဆောင်သော ပြုမူ/ပြောဆိုဆက်ဆံသူသည် မည်သူဖြစ်ပါသလဲ။ | (က) ကော်မရှင်တာဝန်ရှိသူ<br>(ခ) မဲရုံဝန်ထမ်း<br>(ဂ) ဆန္ဒမဲပေးသူ<br>(ဃ) ပါတီမှကိုယ်စားလှယ်များ<br>(င) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ | |
| ၃၁။ | ရောက်ရှိသည့်မဲရုံတွင် စောင့်ကြည့်သည့်အချိန်အတွင်း တွေ့ရှိရသော အခြေအနေများအပေါ် မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်မှုရှုထောင့်မှ စောင့်ကြည့်သူ၏ ခြုံငုံသုံးသပ်ချက်။ | ၁ အလွန်ကောင်း<br>၃ သင့် | ၂ ကောင်း<br>၄ လုံဝမကောင်းပါ |